IOWNet လိုင်းမဖွင့်မီ အခမဲ့ Wi-Fi ငှားရမ်းခွင့် အထူးအစီအစဉ် အသေးစိတ်

【အထူးအစီအစဉ် အကျဉ်းချုပ်】

အင်တာနက်လိုင်း တပ်ဆင်ဖွင့်လှစ်မည့်အချိန်အထိ၊ လျှောက်ထားမှုပြီးဆုံးသည့်နေ့မှ စတင်၍ အခမဲ့ Wi-Fi ကို ငှားရမ်းအသုံးပြုနိုင်ပါသည်။

【သက်ဆိုင်သော ဝန်ဆောင်မှုများ】

- IOWNet High Speed
- IOWNet XG

【သက်ဆိုင်သည့်ကာလ】

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့မှ စတင်၍

※ဤအထူးအစီအစဉ်၏ အကြောင်းအရာများကို ကြိုတင်အသိပေးခြင်းမရှိဘဲ ပြောင်းလဲခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်း ပြုလုပ်နိုင်ပါသည်။ လျှောက်ထားခြင်းမပြုမီ သေချာစွာ စစ်ဆေးပါ။

【သက်ဆိုင်သူများ】

အောက်ပါ အချက် ၄ ချက်လုံးနှင့် ကိုက်ညီသူများ သည် ဤအထူးအစီအစဉ်ကို ရရှိနိုင်ပါသည်။

(၁) သက်ဆိုင်သည့်ကာလအတွင်း 「IOWNet High Speed」 သို့မဟုတ် 「IOWNet XG」 တစ်ခုခုကို လျှောက်ထားခြင်းနှင့် လျှောက်ထားမှု ပြီးဆုံးထားသူ။

(၂) လျှောက်ထားသော သက်ဆိုင်ရာဝန်ဆောင်မှုအတွက် လစဉ်ငွေပေးချေမှုကို Credit Card သို့မဟုတ် ဘဏ်အကောင့်မှ အလိုအလျောက်ဖြတ်တောက်ခြင်းဖြင့် ပေးချေရန် မှတ်ပုံတင်ပြီးစီးထားသူ။

(၃) IOWNet လိုင်းမဖွင့်မီ ငှားရမ်း Wi-Fi အတွက် တရားဝင်လျှောက်ထားမှုကို ပြုလုပ်ထားသူ။

(၄) (၁) တွင် ဖော်ပြထားသော IOWNet လျှောက်ထားမှု ပြုလုပ်ချိန်တွင် 「Net Protection」(ပထမလ အခမဲ့ ပုံမှန်ကြေး တစ်လ ၂,၂၀၀ယန်း) ကို လျှောက်ထားသူ။

【အထူးအစီအစဉ် အကြောင်းအရာအသေးစိတ်】

(၁) ဤအထူးအစီအစဉ်ကို လျှောက်ထားပြီး အထက်တွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ သည် လျှောက်ထားပြီးနောက် တစ်ပတ်ခန့်အတွင်း ငှားရမ်းထားသော Wi-Fi စက်ကို ပို့ဆောင်ပေးပါမည်။

※ Wi-Fi စက်ရောက်ရှိမည့်အချိန်သည် အခြေအနေအရ ဓောနိုင်ခြင်း သို့မဟုတ် နောက်ကျနိုင်ခြင်း ရှိပါသည်။

(၂) ငှားရမ်းထားသော Wi-Fi စက်ရောက်ရှိပြီးနောက် အင်တာနက်လိုင်းဖွင့်လှစ်တပ်ဆင်ခြင်း မပြီးဆုံးမီ ကာလအတွင်း အခမဲ့ အသုံးပြုနိုင်ပါသည်။

※ ပို့ဆောင်ပေးမည့် ငှားရမ်း Wi-Fi သည် အောက်ပါအမျိုးအစား ၂ မျိုးထဲမှ တစ်မျိုး ဖြစ်နိုင်ပါသည်။

- Pocket Wi-Fi အမျိုးအစား
- Home Router အမျိုးအစား

※ ငှားရမ်းပေးမည့် Wi-Fi အမျိုးအစားကို စာချုပ်ချုပ်ဆိုအသုံးပြုသူဘက်မှ ကြိုတင်ရွေးချယ်သတ်မှတ်၍ မရပါ။

(၃) အင်တာနက်လိုင်းဖွင့်လှစ်တပ်ဆင်ခြင်း ပြီးဆုံးပြီးနောက်၊ အောက်တွင်ဖော်ပြထားသော ပြန်လည် ပို့ဆောင်ရမည့်လိပ်စာ သို့ ပြန်အပ်ရမည့်ပစ္စည်းများအားလုံးကို အမြန်ဆုံး ပြန်လည်ပို့ဆောင်ပေးရပါမည်။

※ အင်တာနက်လိုင်းဖွင့်လှစ်တပ်ဆင်ခြင်း ပြီးဆုံးသည့်နေ့အပါအဝင် ရက် ၂၀ အတွင်း ပြန်လည်ပို့ဆောင်ပြီးစီးမှု မရှိပါက အပိုဆောင်းကြေး ကျသင့်ပါမည်။

(၄) အင်တာနက်လိုင်းဖွင့်လှစ်တပ်ဆင်ခြင်း ပြီးဆုံးပြီးသော IOWNet ဝန်ဆောင်မှုကို စတင်အသုံးပြုနိုင်ပါပြီ။

～ ငှားရမ်းထားသော Wi-Fi ပြန်ပို့ရမည့်လိပ်စာ～

စာတိုက်အမှတ် （〒） ： 530-0045

လိပ်စာ ： ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၊ Kita ရပ်ကွက်၊ Tenjin-nishimachi 6-7၊VENZAITEN BLDG. OSAKA၊ ဒုတိယထပ်။

လက်ခံသူ ： IOWNet Rental Wi-Fi ပို့ဆောင်ရေးဌာန

ဖုန်းနံပါတ် ： 050-5497-0233

ပို့ဆောင်ခ ： ပေးပို့သူဘက်မှ ကြိုတင်ပေးချေရမည်

～ ပြန်လည်ပို့ရမည့်ပစ္စည်းများ ～

လက်ခံရရှိချိန်တွင်ပါရှိသော ဆက်စပ်ပစ္စည်းများအပါအဝင် ပစ္စည်းအားလုံးကို မကျန်ရှိစေဘဲ ပြန်လည်ပို့ဆောင်ရမည် ဖြစ်ပါသည်။

【အထူးအစီအစဉ် အသုံးပြုရာတွင် သတိပြုရန်အချက်များ】

(၁) ဌားရမ်းပေးသော Wi-Fi စက်တွင် အနည်းငယ် အသုံးပြုထားသည့် လက္ခဏာများ တွေ့ရနိုင်ပါသည်။ နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၂) Pocket Wi-Fi အမျိုးအစား ဖြစ်ပါက အသုံးပြုရန် အားသွင်းကြိုးလိုအပ်ပါသည်။
အားသွင်းကိရိယာကို အထုပ်ထဲတွင် ထည့်ပေးမည်မဟုတ်ပါ။ ထို့ကြောင့် စာချုပ်ချုပ်ဆိုအသုံးပြုသူ ကိုယ်တိုင် ကြိုတင်ပြင်ဆင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၃) ဌားရမ်း Wi-Fi ကို ပို့ဆောင်ပြီးစီးသွားပြီးနောက်၊ စာချုပ်ချုပ်ဆိုအသုံးပြုသူ၏ ကိုယ်ပိုင်အကြောင်းပြချက်ကြောင့် IOWNet High Speed / IOWNet XG ကို ပယ်ဖျက်ပါက ဌားရမ်း Wi-Fi အတွက် ပယ်ဖျက်ခ (※၁) ထပ်မံကျသင့်မည် ဖြစ်ပါသည်။

(၄) အင်တာနက်လိုင်းဖွင့်လှစ်တပ်ဆင်မှု ပြီးဆုံးပြီးနောက် ရက် ၃၀ အတွင်း 「အထူးအစီအစဉ် အကြောင်းအရာ (၃)」 တွင် ဖော်ပြထားသော ပြန်လည်ပို့ရမည့်ပစ္စည်းအားလုံးကို ပြန်ပို့ပြီးစီးခြင်း မရှိပါက ရက် ၃၁မြောက်နေ့မှစ၍ ထိုလအတွက် အသုံးပြုခ (※၂) စတင်ကျသင့်ပါမည်။အသုံးပြုခကို IOWNet High Speed/ IOWNet XG အတွက် မှတ်ပုံတင်ထားသော ငွေပေးချေမှုအချက်အလက်မှ တစ်ဆင့် ကောက်ခံပါမည်။နေ့ရက်အလိုက် အချိုးကျတွက်ချက်ခြင်း မရှိပါ။ပြန်လည်ပို့ရမည့်ပစ္စည်းအားလုံးကို ပြန်ပို့ပြီးစီးသည့်လသည် နောက်ဆုံးငွေတောင်းခံမည့်လ ဖြစ်ပြီး၊ ထိုနောက်တွင် ငွေတောင်းခံမှု ရပ်ဆိုင်းပါမည်။

(၅) ဌားရမ်းထားသော Wi-Fi ကို ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်း ဖြစ်ပါက ကုမ္ပဏီမှ တောင်းခံသည့်အတိုင်း စက်ပစ္စည်းပျက်စီးဆုံးရှုံးမှုကြေး (※၃) ကို ပေးဆောင်ရမည် ဖြစ်ပါသည်။

- ※၁ပယ်ဖျက်ခ : ၅,၅၀၀ ယန်း (အခွန်ပါ)

- ※၂ အသုံးပြုခ : ၅,၅၀၀ ယန်း (အခွန်ပါ)
- ※၃ စက်ပစ္စည်းပျက်စီးဆုံးရှုံးမှုကြေး : ၈၀,၄၇၆ ယန်း (အခွန်ပါ)

(၅) ငှားရမ်း Wi-Fi ၏ လက်ကျန်ပစ္စည်းအရေအတွက်ပေါ်မူတည်၍ လက်ခံရရှိရန် ၁ ပတ်ထက်ပို၍ စောင့်ဆိုင်းရနိုင်ပါသည်။

(၆) သတိပြုရန်အချက် (၃) တွင် ဖော်ပြထားသော ပယ်ဖျက်ရန် တောင်းဆိုသည့်နေ့အပါအဝင် ရက် ၃၀အတွင်း 「အထူးအစီအစဉ် အကြောင်းအရာ (၃)」 တွင် သတ်မှတ်ထားသော ပြန်လည်ပို့ရမည့်ပစ္စည်း အားလုံးကို ပြန်ပို့ပြီးစီးခြင်း မရှိပါက သတိပြုရန်အချက် (၃) တွင် ဖော်ပြထားသည့်အတိုင်း စာချုပ်ချုပ် ဆိုအသုံးပြုသူထံသို့ အခကြေးငွေများ ကောက်ခံမည် ဖြစ်ပါသည်။

【ဆက်သွယ်ရန်】

IOWNet Customer Support
ဖုန်းနံပါတ် : 050-5497-0233

ဝန်ဆောင်မှုချိန် : ၁၀:၀၀～၁၉:၀၀ (နှစ်ကုန်နှစ်စ အားလပ်ရက်များ မပါဝင်ပါ)